# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# (၂၀-၅-၂၀၂၀) (ဗုဒ္ဓဟူးနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု မည်မျှတိုးတက်လာသည်နှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်များအား သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ရွှေဘို၊ ဝက်လက်နှင့် ဒီပဲယင်း မြို့နယ်၊ စိုင်ပြင်မြို့ရှိ စပါးဂိုဒေါင်များကို မည်သည့်အချိန်တွင် တာဝန်ယူ ဖျက်သိမ်းမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **လယ်ယာစိုက်ပျိုးရေးမှ ထွက်ရှိလာသော သီးနှံများ ဈေးနှုန်းတည်ငြိမ်မှုရှိရန်အတွက် သီးနှံထွက်ရှိချိန်တွင် ဝယ်ယူ သိုလှောင်ထားရန် လိုအပ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သိုလှောင်ရုံ တည်ဆောက်မှုတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့ နိုင်ငံအတွက် အကျိုးရှိစေမည့် မူဝါဒများချမှတ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပ ချေးငွေ များကို ဖိတ်ခေါ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်အတွင်းရှိ အေလာ ကျေးရွာအုပ်စုကို ပယ်ဖျက်ပြီး အေလာမြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ငမိုးရိပ်ရေသန့်စက်ရုံတွင် ရေတွန်းစက်များသုံးစွဲ၍ ရေပေးဝေနေခြင်းအပြင် လျှပ်စစ်ဓာတ်အား လျှော့ချနိုင်မည့် Gravity နည်းစနစ်ပါ သုံးစွဲ၍ ရေပေးဝေနိုင်ရန် ရေရှည် စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ငမိုးရိပ်ရေသန့် စက်ရုံရှိ ရေတွန်းစက်များသည် မီး တစ်ကြိမ်ပျက်လျှင် အပြည့်အဝ စွမ်းရည်ပြည့် ပြန်လည် အလုပ်လုပ်ရန်မှာ (၂) နာရီခန့် အချိန်ယူရသဖြင့် တချို့ရေတွန်းစက်များကို မီးစက်ဖြင့် သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး၊ ကော့မှူး မဲဆန္ဒနယ်၏ **ကော့မှူး မြို့နယ်၊ မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကန်ပက်လက်မြို့ဟောင်း မြေနေရာတွင် တရားမဝင်ကျူးကျော်နေထိုင်သူများအား ဥပဒေအရ ဖယ်ရှား**

**ပေးရန်နှင့် မြို့မြေဧရိယာအတွင်း ဆောက်လုပ်ထားသော ဟိုတယ်ဇုန် မြေနေရာများအား ပိုင်ဆိုင်မှုဧရိယာအထောက်အထားအတိုင်း မြေယာစိစစ်တိုင်းတာမှုများ တိတိကျကျ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်ရှိ ဆင်စွယ်ကျေးရွာတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် သင့်တော်သောနေရာတွင် တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်ရှိ ယင်း-ကုန်းသာရေတားတမံပြုပြင်နိုင်ရန် တာတမံမူလဧရိယာများအား ကျူး၍ (ပုံစံ-၇) ရယူထားမှုများအားပယ်ဖျက်ပေးရန်နှင့် တာတမံပြုပြင်ရာတွင် ရေဘေးအန္တရာယ် ကင်းဝေးနိုင်မည့် ဒီဇိုင်းများဖြင့် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့နယ်၊ ဟိုစဲ့ကျေးရွာနှင့် နန့်မန်းကျေးရွာ၌ ရာသီမရွေး သောက်သုံးရေရရှိနိုင်ရန်အတွက် ချောင်းရေတင် စနစ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်

အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။